| Analysis parameter | $BOD_5$ | | ■ | ☐ | ☐ | ☐ |
| | Total Suspended Solid (SS) | | ■ | ☐ | ☐ | ☐ |
| | pH | | ☐ | ☐ | ☐ | ☐ |
| | $COD_{Cr}$ | | ■ | ☐ | ☐ | ☐ |
| | Oil and Grease | | ■ | ☐ | ■ | ■ |
| | Temperature | | ■ | ☐ | ☐ | ☐ |
| | Color | | ☐ | ☐ | ☐ | ☐ |
| | Total Nitrogen (T-N) | | ☐ | ☐ | ☐ | ☐ |
| | Ammonia ($NH_3$) | | ☐ | ☐ | ☐ | ☐ |
| | Total Phosphorous (T-P) | | ☐ | ☐ | ■ | ■ |
| | Total Dissolved Solids (TDS) | | ☐ | ☐ | ■ | ■ |
| | Sulphide ($S^{2-}$) | | ☐ | ☐ | ■ | ■ |
| | Total Cyanide | | ☐ | ☐ | ■ | ■ |
| | Cyanide (Free, $CN^-$) | | ☐ | ☐ | ■ ✓ | ■ ✓ |
| | Formaldehyde ($CH_2O$) | | ☐ | ☐ | ☐ | ☐ |
| | Phenols (Phenol) | | ☐ | ☐ | ■ | ■ |
| | Free Chlorine ($Cl_2$) | | ☐ | ☐ | ☐ | ☐ |
| | Zinc (Zn) | | ☐ | ■ | ☐ | ☐ |
| | Chromium (Cr) | | ☐ | ■ | ■ | ■ |
| | Hexavalent Chromium (Cr6+) | | ☐ | ☐ | ☐ | ☐ |
| | Arsenic (As) | | ☐ | ■ | ☐ | ☐ |
| | Copper (Cu) | | ☐ | ■ | ☐ | ☐ |
| | Mercury (Hg) | | ☐ | ■ | ■ | ■ |
| | Cadmium (Cd) | | ☐ | ■ | ■ | ■ |
| | Barium (Ba) | | ☐ | ☐ | ☐ | ☐ |
| | Selenium (Se) | | ☐ | ■ | ■ | ■ |
| | Lead (Pb) | | ☐ | ■ | ☐ | ☐ |
| | Nickel (Ni) | | ☐ | ■ | ■ | ■ |
| | Fluoride(F-) | | ☐ | ☐ | ☐ | ☐ |
| | Iron (Fe) | | ☐ | ☐ | ☐ | ☐ |
| | Silver (Ag) | | ☐ | ☐ | ■ | ■ |
| | Tin (Sn) | | ☐ | ☐ | ☐ | ☐ |
| | Total Coliform Bateria | | ☐ | ■ | ☐ | ☐ |
| | | | ☐ | ☐ | ☐ | ☐ |
| | | | ☐ | ☐ | ☐ | ☐ |
| | | | ☐ | ☐ | ☐ | ☐ |
| | | | ☐ | ☐ | ☐ | ☐ |
| | | | ☐ | ☐ | ☐ | ☐ |
| | Other request (if any) | | | 3-2304001 | | |
| *To be filled by GEM Lab | Sample No | | ------- | W.2304[illegible] | W.2304[illegible] | W.2304[illegible] |

Remark(if any): 10 05002 | 12 05003 | 12 05004

| | | |
|---|---|---|
| *To be filled by GEM lab<br>Application Received by: [signature]<br>Date: 24.4.23 | Sample Received by: [signature]<br>Date: 24.4.23 | Application No: (*our administration section)<br>☐☐☐☐ - ☐☐☐☐ |

Thiri

958
2304000

# APPENDIX-D

# Corporate Social Responsibility



# Shwe Taung Cement Plant

# Newsletter

Volume 5 |2023| January - March 2023

# အဓိကဆောင်ရွက်ချက်

## “ ကူပြင်ကျေးရွာနှင့် ပြည်ညောင်ကျေးရွာများတွင် ဒေသခံများနှင့်တွေ့ဆုံ၍ ရပ်ရွာဒေသခံများနှင့်ဆွေးနွေးပွဲ များပြုလုပ်ခြင်း”

### မာတိကာ


**စာမျက်နှာ - ၁**

ရွှေတောင်ကုမ္ပဏီ(အပါချီဘိလပ်မြေစက်ရုံ)လည်ပတ်မှုအခြေအနေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများနှင့်လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ထားရှိခြင်း။

**စာမျက်နှာ - ၂**

ပညာရေးကဏ္ဍ၏ လိုအပ်ချက်များထောက်ပံ့ပေးခြင်း။ သတင်းအချက်အလက် မျှဝေပေးခြင်း

**စာမျက်နှာ - ၃**

၂၀၂၃ခုနှစ်၊ ဇန်နဝါရီလမှမတ်လအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးခြင်း။

**စာမျက်နှာ - ၄**

ဒေသခံများ၏ မေးမြန်းချက်၊ ပြန်လည်ဖြေကြားချက်နှင့် ဆွေးနွေးတိုင်ပင်ခြင်း။

**စာမျက်နှာ - ၅**

ဒေသခံများ၊စက်ရုံဝန်ထမ်းများနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့်ကျန်းမာရေးဗဟုသုတမျှဝေခြင်း။အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍သတင်းအချက်အလက်ထုတ်ပြန်ခြင်း

**စာမျက်နှာ - ၆**

မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း)နှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များ

**စာမျက်နှာ - ၇**

စက်ရုံအနီးရှိကျေးရွာများမှဒေသခံများ၏အကြံပြုချက်၊မကျေနပ်ချက်နှင့်တိုင်ကြားချက်များထည့်ဝင်ထားသည့်အကြံပြုစာတိုက်ပုံးများ

## ရွှေတောင်ဘိလပ်မြေကုမ္ပဏီ(အပါချီဘိလပ်မြေစက်ရုံ)၏ လုပ်ငန်းလည်ပတ်မှုအခြေအနေ

ရွှေတောင်ဘိလပ်မြေကုမ္ပဏီလိမိတက် (အပါချီဘိလပ်မြေစက်ရုံ)မှ ဘိလပ်မြေများကို ပထမလိုင်းနှင့်ဒုတိယလိုင်း (၂)လိုင်းဖြင့် ထုတ်လုပ်လျက်ရှိပါ သည်။ သို့သော် ပထမလိုင်းနှင့်ဒုတိယလိုင်း လည်ပတ်ရာတွင် လျှပ်စစ်ဓာတ်အား ရရှိမှုမှာ အကန့်အသတ် အနည်းငယ်ရှိပါသဖြင့် အချို့သောစက်များမှာ စွမ်းအားပြည့် လည်ပတ်နိုင်ခြင်း မရှိပါ။

### လူမှုရေးဆိုင်ရာ အဓိကဆောင်ရွက်ချက်များ

- ၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့တွင် ရွှေတောင်ဘိလပ်မြေကုမ္ပဏီမှ ပြည်ညောင်ကျေးရွာရှိ သတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့် စာကြည့်တိုက်တွင်လည်းကောင်း၊ ကူပြင်ကျေးရွာရှိထာဝရအလင်းတန်းစာကြည့်တိုက်တွင်လည်းကောင်း ဒေသခံများစာပေဗဟုသုတ၊ ပြင်ပအထွေထွေဗဟုသုတ၊ သတင်းအချက်အလက်နှင့်နည်းပညာများ လေ့လာနိုင်စေရန်လစဉ် စာအုပ်အသစ်များဝယ်ယူခြင်းနှင့် Internet Wi-Fi အား အခမဲ့ တပ်ဆင်ထားခြင်းအား ပံ့ပိုးပေးထားပါသည်။




ပုံ - ပြည်ညောင်ကျေးရွာရှိ သတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့် ကူပြင်ကျေးရွာရှိ ထာဝရအလင်းတန်းစာကြည့်တိုက်။

### သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ပေးခြင်း

- ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ ဓာတ်ခွဲခန်းနှင့်အရည်အသွေးထိန်းချုပ်ရေးဌာနမှ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအတွင်း ပြည်ညောင်ကျေးရွာနှင့် ကူပြင်ကျေးရွာများတွင် သောက်ရေ၊သုံးရေနှင့်အမှုန်များ တိုင်းတာစစ်ဆေးခဲ့ပြီး ၎င်းစစ်ဆေးမှုရလဒ်များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှုလမ်းညွှန်ချက်များနှင့် ကိုက်ညီမှုကြောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီးရှိ ရေသန့်စက်တွင်လည်းကောင်း၊ ကူပြင်ကျေးရွာရှိ ထာဝရအလင်းတန်း စာကြည့်တိုက်တွင် လည်းကောင်း၊ ပြည်ညောင်ကျေးရွာရှိသတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့်စာကြည့်တိုက်တွင်လည်းကောင်းသတင်းထုတ်ပြန်ကြေငြာခဲ့ပါသည်။
- ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလတွင် ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် ပြည်ညောင်ကျေးရွာရှိ ဒေသခံများနှင့် ကျောင်းသား/သူများအား စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ စနစ်တကျခွဲခြားစွန့်ပစ်နိုင်စေရန် အသိပညာပေး များနှင့် ဗဟုသုတမျှဝေခြင်းများဆောင်ရွက်ပေးခဲ့ပါသည်။



ပုံ - ပြည်ညောင်နှင့်ကူပြင်ကျေးရွာရှိ ရေသန့်စက်များမှ ရေနမူနာကောက်ယူခြင်း။

## ပညာရေးကဏ္ဍ၏ လိုအပ်ချက်များအား ပံ့ပိုးကူညီပေးခြင်း

- ၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလမှမတ်လအတွင်း ပြည်ညောင်ကျေးရွာရှိ သတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့်စာကြည့်တိုက်တွင်ဒေသခံကျောင်းသား/သူများအတွက်စာပေဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍စာဖတ်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ ၎င်းစာဖတ်ပွဲတွင် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်သည့် ဗဟုသုတများ မျှဝေခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ညောင်ကျေးရွာ စာသင်ကျောင်းတွင် ပညာရည်ချွန်ဆုပေးပွဲနှင့် စုံညီပွဲတော် ကျင်းပရန်အတွက် အလှူငွေ လှူဒါန်းခြင်း။
- ၂၀၂၃-ခုနှစ်၊ဇန်နဝါရီလမှ မတ်လအတွင်း ပြည်ညောင်ကျေးရွာ အထက်တန်းကျောင်းတွင် ကျင်းပပြုလုပ်သည့် ပညာရည်ချွန် ဆုပေးပွဲဖြစ်မြောက်ရေးအတွက် အလှူငွေလှူဒါန်းခြင်းနှင့် ဆရာ/မများနှင့် ကျောင်းသား/သူများ သုံးရေအဆင်ပြေစေရန် ဂါလံ(၅၉,၉၀၀) ကူညီထောက်ပံ့ပေးခြင်း။
- ၂၀၂၃-ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်ညောင်ကျေးရွာ စာသင်ကျောင်းရှိ သောက်ရေသန့်စက်အား လိုအပ်သည်များ ပြုပြင်ခြင်း၊ အသစ်လဲလှယ်ခြင်းများဆောင်ရွက်ပေးခြင်း။
- ၂၀၂၃-ခုနှစ်၊ မတ်လတွင် ယင်းမာပင်ကျေးရွာအုပ်စု၊ မဒါန်းကျေးရွာ စာသင်ကျောင်းတွင် ဆရာ/မများနှင့်ကျောင်းသား/သူများ သောက်ရေ အခက်အခဲမရှိစေရန် ဂါလံ(၃,၀၀၀)ဆံ့ရေသိုလှောင်ကန်ဆောက်လုပ်ရာတွင် လိုအပ်သော ဘိလပ်မြေ(၄၈)အိတ် လှူဒါန်းခဲ့ပါသည်။





ပုံ - ပြည်ညောင်ကျေးရွာ သတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့် စာကြည့်တိုက်တွင် ဒေသခံကျောင်းသား/သူများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဗဟုသုတများ ဆွေးနွေးစဉ်။

## ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း

- ပြည်ညောင်နှင့်ကူပြင်စာကြည့်တိုက်ရှိ စာအုပ်အကြိမ်ရေ (၇၀၀) အား လူဦး ရေ(၂၄၆)ဦးသို့ ငှားရမ်းနိုင်ခဲ့ပါသည်။
- ပြည်ညောင်၊ ကူပြင်စာကြည့်တိုက်တွင် ကလေးငယ်များ အင်္ဂလိပ်စွမ်းရည် တိုးတတ်စေရန် အင်္ဂလိပ်-မြန်မာနှစ်ဘာသာတွဲစာအုပ်များ၊ ကျန်းမာရေးစာအုပ်များနှင့် အထွေထွေဗဟုသုတစာအုပ်များ အသစ် ထပ်မံရောက်ရှိလာပြီး ဖြစ်၍လာရောက်လေ့လာနိုင်သလို့၊ လာရောက်၍လည်း ငှားရမ်းနိုင်ပါကြောင်း အသိပေး ကြေငြာခဲ့ပါသည်။
- ရွှေတောင်ဘိလပ်မြေကုမ္ပဏီ (အပါချီဘိလပ်မြေစက်ရုံ)မှ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်း များရရှိစေရန် လစ်လပ်နေရာ ခေါ်ဆိုမှုများကြေငြာခဲ့ပါသည်။

- ရွှေတောင်ဘိလပ်မြေကုမ္ပဏီ (အပါချီဘိလပ်မြေစက်ရုံ)မှ ကူပြင်နှင့်ပြည်ညောင်ကျေးရွာများသို့အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးမည့်နေ့ရက်များကို ကြိုတင်သတင်းထုတ်ပြန်ပေးလျက် ရှိပါသည်။
- ယင်းမာပင်ကျေးရွာအုပ်စု၊ မဒါန်းနှင့်ရေအေးကျေးရွာများတွင် မြေနီလုပ်ကွက်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် အလုပ် အကိုင်အခွင့်အလမ်းများ ကြေငြာပေးခဲ့ပါသည်။



ပုံ - မဒါန်းနှင့်ရေအေးကျေးရွာတွင်မြေနီလုပ်ကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်း ကြေညာခြင်း။



ပုံ - ပြည်ညောင်ကျေးရွာရှိ သတင်းအချက်အလက်ဆိုင်ရာ ဗဟိုဌာနနှင့် စာကြည့်တိုက်တွင် သောက်ရေ၊သုံးရေနှင့် အမှုန် စစ်ဆေးမှုရလဒ်များအား ထုတ်ပြန်ခြင်း။

## ၂၀၂၃-ခုနှစ် ဇန်နဝါရီလမှမတ်လအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးခြင်း

- ၂၀၂၃-ခုနှစ်၊ဇန်နဝါရီလတွင် ယင်းမာပင်ကျေးရွာရှိ သစ်တစ်ပင်ဘုန်းကြီးကျောင်းလမ်းခင်းရန်အတွက် ဘိလပ်မြေ(၂၂၀)အိတ် လှူဒါန်းခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလတွင် ကူပြင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း အသံမစဲပဌာန်း ကျင်းပခြင်းအတွက် အလှူငွေ ထောက်ပံ့ပေးခဲ့ပြီး Church ကျောင်းတွင် ခြံစည်းရိုးပြုလုပ်ရန် ဘိလပ်မြေ (၁၅၂) အိတ် လှူဒါန်းခဲ့ပါသည်။
- မိတ္ထီလာမြို့နယ်၊ ကြက်ခြေနီတပ်ဖွဲ့ရုံတွင် ကွန်ကရစ်ခင်းရန်နှင့် ရေမြောင်းပြုပြင်ရန် ဘိလပ်မြေ(၆၆)အိတ် လှူဒါန်းခဲ့ပါ သည်။
- ၂၀၂၃-ခုနှစ်၊ ဖေဖော်ဝါရီလတွင် သာစည်မြို့နယ်၊သစ်တောဦးဌာနသို့ Aircon(၁)လုံးနှင့် Laptop(၃)လုံး လှူဒါန်း ခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊ မတ်လအတွင်း ကူပြင်သစ်တောရှိ ပျိုးပင်များရေလောင်းရန်အတွက် ရေတွင်းတူးဖော်ပေးခြင်းနှင့် လိုအပ်သည့်နေရာတွင် အသုံးပြုရန် ဘိလပ်မြေ(၁၀)အိတ် လှူဒါန်းပေးခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊ မတ်လတွင် ကူပြင်ကျေးရွာဒေသခံများ ဗဟုသုတတိုးပွားစေရန်နှင့် သတင်းအချက်အလက်များ လေ့လာနိုင်စေရန်ရည်ရွယ်၍ Smart TV 43” (၁)လုံး ကူပြင်စာကြည့်တိုက်တွင် လှူဒါန်းပေးခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊မတ်လတွင် ယင်းမာပင်ကျေးရွာအုပ်စု၊ ရေအေးကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၊ သိမ်၊ ကုဋီဆောက်လုပ်ရန် ဘိလပ်မြေ(၁၀၀)အိတ် နှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ထောက်ပံ့လှူဒါန်းပေးခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊ ဖေဖော်ဝါရီမှမတ်အတွင်း ယင်းမာပင်ကျေးရွာအုပ်စု၊ မဒါန်းကျေးရွာဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်ဆောက်လုပ်ရန် ဘိလပ်မြေ(၁၀၂)အိတ်နှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ငွေကျပ်သိန်း(၁၀၀)လှူဒါန်းပါခဲ့သည်။
- ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကူပြင်ကျေးရွာဒေသခံများ ယာဥ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ကူပြင်ကျေးရွာရှိ အိမ်ထောင်စု (၁)စုလျှင် ဆိုင်ကယ်စီးဦးထုပ် (၂)လုံး သွားရောက်လှူဒါန်းခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊ မတ်လတွင် ပြည်ညောင်ကျေးရွာဒေသခံများ နွေမိုးဆောင်း သုံးရေပြတ်လပ်မှုမရှိစေရန် ရည်ရွယ်၍ ဂါလံ (၂၂,၀၀၀)ဆံ့ ရေသိုလှောင်ကန် ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။



ပုံ -မဒါန်းနှင့်ရေအေးကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် အလှူငွေလှူဒါန်းနေစဥ်။




ပုံ - သစ်တောဦးစီးဌာနသို့ Aircon(1)လုံးနှင့် Laptop(3)လုံး လှူဒါန်းနေစဥ်။



ပုံ - ပြည်ညောင်စာသင်ကျောင်း ပညာရေးစုံညီပွဲတော်အလှူငွေ လှူဒါန်းနေစဥ်။



ပုံ - ကူပြင်ကျေးရွာ စာကြည့်တိုက်သို့ Smart TV လှူဒါန်းနေစဥ်။



ပုံ - ကူပြင်ဘုန်းတော်ကြီးကျောင်း အသံမစဲပဌာန်းအတွက် ငွေကျပ်လှူဒါန်းနေစဥ်။



ပုံ - မိတ္ထီလာ၊ကြက်ခြေနီအသင်းသို့ ဘိလပ်မြေလှူဒါန်းနေစဥ်။

## ဒေသခံများ၏မေးမြန်းချက်များ၊ပြန်လည်ဖြေကြားချက်များနှင့် ဆွေးနွေးတိုင်ပင်ခြင်းများ

၂၀၂၃-ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကူပြင်ကျေးရွာတွင်မော်တော်ယာဥ်စီးနင်းရာတွင်လိုက်နာရမည့်ယာဥ်အန္တရာယ်၊လမ်းအန္တရာယ်စည်းကမ်းများနှင့်ပတ်သက်သည့်အသိပညာပေးပွဲကျင်းပပြုလုပ်၍ကူပြင်ကျေးရွာ ဒေသခံအိမ်ထောင်စု (၁)စုလျှင် ဆိုင်ကယ်စီးဦးထုပ်(၂)လုံးစီ အိမ်ထောင်စု, စုစုပေါင်း(၇၄)အိမ်အတွက်ဆိုင်ကယ်စီးဦးထုပ်ပေါင်း(၁၄၈)ပေးအပ်ခဲ့ပြီး၊ စက်ရုံနှင့်ပတ်သက်၍ ၂၀၂၀-၂၀၂၁၊ခုနှစ်အတွင်း ဒေသခံများ၏ အကြံပြုချက်များ၊တိုင်ကြားချက်များအားပြန်လည်ဖြေရှင်းထားရှိမှုများနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအပါအဝင် ဒေသခံများနှင့် ဆွေးနွေးတိုင်ပင်ခြင်းများဆောင်ရွက်ခဲ့ပါသည်။၎င်းဆွေးနွေးပွဲတွင်ဒေသခံများ၏မေးမြန်းချက်များကို အောက်ပါအတိုင်းပြန်လည်ဖြေကြားခဲ့ပါသည်။

⇒ မေး - ဒေသခံတစ်ဦးမှ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများအား ပုံမှန်ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

⇒ ဖြေ - ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ လူမှုရေးမန်နေဂျာမှ ၂၀၂၁-ခုနှစ် ကိုဗစ်-၁၉ရောဂါ ဆိုးရွာစွာဖြစ်ပွားနေသောအချိန်တွင် အခမဲ့ဆေးကုသခြင်းအား ခတ္တရပ်နားထားပါသည်။ သို့သော် ၂၀၂၂-ခုနှစ်၊ ဇူလိုင်လတွင် ကျေးရွာများသို့ အခမဲ့ဆေးကုသမှုများ ပုံမှန် ပြန်လည်ဆောင်ရွက်နေပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

⇒ မေး - ဒေသခံတစ်ဦးမှ လမ်းများမကောင်းတော့ပါသဖြင့် ဆိုင်ကယ်စီးနင်လျှင်လမ်းချော်ပြီး အဆင်မပြေမှုများရှိတာကြောင့် လမ်းခင်းပေးစေလိုကြောင်း ပြောကြားလာပါသည်။

⇒ ဖြေ - ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ လူမှုရေးမန်နေဂျာမှ အထက်လူကြီးများနှင့်တိုင်ပင်ပြီး ပြန်လည်ပြောကြားပေးပါမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

⇒ မေး - အမှုန်တအားကျလာရင် ဘယ်လိုကာကွယ်ရပါမလဲ။

⇒ ဖြေ - ယခုချိန်ခါတွင် ရာသီဥတုကြောင့်ဖြစ်ပေါ်လာသော တောမီးလောင်ကျွမ်းမှုများမှ အမှုန်ထွက်ရှိခြင်းနှင့် စက်ရုံမှအမှုန်ထွက်ရှိမှုများသည်လူကိုအန္တရာယ်မဖြစ်စေနိုင်ပါ။ကျွန်မတို့ စက်ရုံမှလစဥ်အမှုန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အန္တရာယ်ကျရောက်နိုင်သည့်အခြေအနေရှိပါက အနီးစပ်ဆုံးတွင် နေထိုင်သောကျွန်မတို့ဝန်ထမ်းများတွင် အဓိကသက်ရောက်မှုရှိပြီး ခံစားရမည်ဖြစ်ပါသည်။ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် စက်လည်ပတ်မှုမတည်ငြိမ်သဖြင့် အမှုန့်ထွက်ရှိလာပါက ဒေသခံများစိုးရိမ်မှုမရှိစေရန် ကြိုတင်အကြောင်းကြားပေးလျက်ရှိပါသည်။ ထို့ကြောင့် အန္တရာယ်ရှိနိုင်သည့် အမှုန်ထွက်ရှိမှုများရှိလာပါက ကျေးရွာများသို့ ချက်ချင်းအကြောင်းကြားပေးမည်ဖြစ်ကြောင့် လူမှုရေးမန်နေဂျာမှ ဖြေကြား ခဲ့ပါသည်။

⇒ ဖြေ-ကျွန်မတို့စက်ရုံဘက်မှအချို့စက်အစိတ်အပိုင်းများသည် ပြုပြင်ရန် နည်းပညာပိုင်ဆိုင်သည့်လိုအပ်ချက်များရှိပါသည်၊ သို့သော်အခိုးအငွေ့များ ၂၄ နာရီလုံး မထွက်ရှိအောင် ကြိုးစားသွားပါမည်။ အကယ်၍ အမှုန်ကျလာပါက အလွယ်ကူဆုံးနည်းလမ်းမှာ(Mas)မတ်(စ်)တပ်ခြင်းကအကောင်းဆုံးနည်းလမ်းဖြစ်ကြောင်းကို သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး မန်နေဂျာ မှ ဖြေကြားခဲ့ပါသည်။

⇒ ဖြေ - လူမှုဆက်ဆံရေးနှင့်သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေးဌာနမှူးမှ အခိုးအငွေ့ထွက်ရသည့်ဖြစ်စဥ်များနှင့်လက်ရှိစက်ရုံတွင်လုပ်ငန်းလည်ပတ်ရန်အခက်အခဲရှိသည့်စိန်ခေါ်မှုများနှင့်ဆောင်ရွက်လျက်ရှိအခြေအနေများကို အသေးစိတ်ဒေသခံများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

## ဒေသခံများ၏မေးမြန်းချက်များ၊ပြန်လည်ဖြေကြားချက်များနှင့် ဆွေးနွေးတိုင်ပင်ခြင်းများ

- ၂၀၂၃-ခုနှစ်၊ဖေဖော်ဝါရီလတွင် ပြည်ညောင်ကျေးရွာ ရေရရှိရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းစဥ်များအား ဒေသခံများအား ရှင်းလင်းတင်ပြခြင်းနှင့်တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲတွင် ဒေသခံများ၏ မေးမြန်းချက်များအား အောက်ပါအတိုင်းဖြေကြားဆောင်ရွက်ခဲ့ပါသည်။

⇒ မေး - ဒေသခံတစ်ဦးမှ အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးမည့်နေ့ရက်ကို အသံချဲ့စက်ဖြင့် ပြည်ညောင်ဒေသခံများအားလုံး သိရှိစေရန် ကြေငြာပေးစေလိုကြောင်း ပြောကြားလာပါသည်။

⇒ ဖြေ - ရွှေတောင်ဘိလပ်မြေစက်ရုံ၏ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်ရေးဌာနမှူး ဦးအောင်ခိုင်ညီမှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြန်လည်ဖြေကြားခဲ့ပါသည်။

⇒ မေး - ဒေသခံတစ်ဦးမှ လမ်းခင်းရန်ကျန်ရှိနေသည့် မိမိတို့ လမ်းကြားအား လမ်းခင်းပေးနိုင်ပါရန် တောင်းဆိုထားပါသည်။

⇒ ဖြေ - ရွှေတောင်ဘိလပ်မြေစက်ရုံ လူမှုရေးမန်နေဂျာမှ ပြည်ညောင်ကျေးရွာရှိ ယခင်လမ်းများ ခင်းပေးစဥ်အခါက ကွန်ကရစ်ဖျော်သည့်ကားများရှိပါသည်။ ယခုအခါတွင် ပြည်ညောင်ဆိုဒ် (အပါချီဘိလပ်မြေစက်ရုံ)မှအခြားလိုအပ်သည့်နေရာသို့ လုပ်ငန်းပြောင်းရွှေ့သွားပါသဖြင့် လက်ရှိအခြေအနေအရ ကွန်ကရစ်လမ်းခင်းမည်ဆိုပါက ကုမ္ပဏီအနေဖြင့် လိုအပ်သည့် ဘိလပ်မြေနှင့် ကျောက်များထောက်ပံ့ ပေးသွားပါမည်။



ပုံ - ပြည်ညောင်ကျေးရွာဒေသခံများနှင့် တိုင်ပင်ဆွေးနွေးမှုများဆောင်ရွက်နေစဥ်။

## ဒေသခံများ၊ စက်ရုံဝန်ထမ်းများနှင့်မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း

- ၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ ဝန်ထမ်း(၆၃၇)ဦးနှင့် ဝန်ထမ်းများ၏မိသားစုဝင်(၂၀၀)ဦးတို့နှင့် ဒေသခံ (၁၈၁) ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပါသည်။



ပုံ - ပြည်ညောင်ကျေးရွာ ဒေသခံများအား အခမဲ့ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း။



ပုံ - ကူပြင်ကျေးရွာဒေသခံများအား အခမဲ့ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း။




## ၂၀၂၃ခုနှစ်၊ဇန်နဝါရီလမှ မတ်လအတွင်း ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆောင်ရွက်ခြင်းသည့် အကြိမ်ရေများ

၂၀၂၃-ခုနှစ်၊ဇန်နဝါရီလမှမတ်လအတွင်း ရွှေတောင်ဘိလပ်မြေကုမ္ပဏီ (အပါချီဘိလပ်မြေစက်ရုံ)မှ ရပ်ရွာလူထုအပါအဝင် ဆက်စပ်ပတ်သက်သည့်သူများနှင့် အပြန်အလှန်ဆွေးနွေးတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များထုတ်ပြန်ခြင်းနှင့်မျှဝေခြင်း အစရှိသည့်ဖြင့်စုစုပေါင်း **( ၂၁၀ )ကြိမ်** ဆောင်ရွက်ခဲ့ပါသည်။

## အလုပ်အကိုင်အခွင့်အလမ်း နှင့်ပတ်သက်၍ သတင်းအချက်အလက်များ ကိုအသိပေး ထုတ်ပြန်ခြင်း

**၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက် (အပါချီဘိလပ်မြေစက်ရုံ) အနေဖြင့် ဒေသခံကျေးရွာများပါဝင်သည့် တိုက်ရိုက်ခန့်အပ်ထားသောဝန်ထမ်း (၆၁၂)ဦးနှင့် ကန်ထရိုက်တာများမှတဆင့် ခန့်အပ်ထားသော အလုပ်သမား(၃၇၃)ဦးကို အလုပ်အကိုင်အခွင့်အလမ်း အနေဖြင့် ပေးအပ်ထားပါသည်။**

## ဒေသခံများ၊ စက်ရုံဝန်ထမ်းများနှင့်မိသားစုဝင်များအား ကျန်းမာရေးဗဟုသုတမျှဝေပေးခြင်း

- ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ရွှေတောင်ဘိလပ်မြေကုမ္ပဏီရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ကန်ထရိုက်တာများနှင့် လေဘာများကို HIV/AIDS ကူးစက်ရောဂါကာကွယ်ရေး၊ သားဆက်ခြားခြင်းနှင့် ပတ်သက်သော အသိပညာများကို သာစည်မြို့နယ်၊ AIDS တိုက်ဖျက်ရေးကော်မတီအဖွဲ့နှင့် ပူးပေါင်း၍ ကျန်းမာရေး အသိပညာပေး ဟောပြောခဲ့ပါသည်။



ပုံ - သာစည်မြို့နယ်၊ AIDS တိုက်ဖျက်ရေးကော်မတီအဖွဲ့မှ စက်ရုံဝန်းထမ်းများနှင့်မိသားစုဝင်များအား ကျန်းမာရေးဗဟုသုတမျှဝေနေစဥ်။

## မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း)နှင့်ပတ်သက်သည့် လုပ်ဆောင် ချက်များ

- ၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှူးနှင့်အဖွဲ့များမှ မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း)ထုတ်လုပ်ခြင်း နှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ရန် ယင်းမာပင်ကျေးရွာအုပ်စု၊ ရေးအေးနှင့်မဒါန်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိလူကြီးများအား သွားရောက်တွေ့ဆုံပြီး တိုင်ပင်ဆွေးနွေးမှုများဆောင်ရွက်ခဲ့ပါသည်။ မဒါန်းနှင့်ရေးအေးကျေးရွာ ရှိဒေသခံများနှင့်တွေ့ဆုံပြီး မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း)ထုတ်လုပ်မှုနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းတင်ပြရန်အတွက် လူထုတွေ့ဆုံပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ဒေသခံနေအိမ်များသို့ ကုမ္ပဏီမှတာဝန်ရှိဝန်ထမ်းများမှ ကိုယ်တိုင်သွားရောက်ဖိတ်ကြားခဲ့ပါသည်။ မဒါန်းကျေးရွာလမ်းအား ဒေသခံများသွားလာရေး အဆင်ပြေစေရန် လမ်းညှိပေးခြင်းနှင့် ရေးအေးကျေးရွာရှိချောင်းအနီးတွင် ရေတွင်း(၄)တွင်း တူးဖော်ခြင်းများဆောင်ရွက်ပေးခဲ့ပြီး မြေနီလုပ်ကွက်တွင်လိုအပ်သည့် နေ့စားလုံခြုံရေးဝန်ထမ်းများ ခေါ်ယူခြင်းအား အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် သတင်းထုတ်ပြန်ပေးခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း)ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ဒေသခံများနှင့် လူထုတွေ့ဆုံပွဲများကျင်းပပြုလုပ်ပြီး ၎င်းတွေ့ဆုံပွဲတွင် မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း)ထုတ်လုပ်သည့်အချိန်တွင် ဒေသခံကျေးရွာများအား ထိခိုက်မှုမရှိစေရန်၊ သဘာဝပတ်ဝန်း ကျင်ဆိုင်ရာထိခိုက်မှုမရှိစေရန်၊ ဒေသခံများထံမှ ကုမ္ပဏီသို့ အကြံပြုချက်များ၊ တိုင်ကြားချက်များပြုလုပ်နိုင်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်သွားမည်များ စသည့်အကြောင်းအရာများအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် မဒါန်းနှင့်ရေအေးကျေးရွာ ဘုန်းတော်ကြီးကျောင်းများသို့ လှူဖွယ်ပစ္စည်းများသွားရောက်လှူဒါန်းခဲ့ပြီး၊ မဒါန်းကျေးရွာဘုန်းတော်ကြီးကျောင်း ဆွမ်းစားကျောင်းဆောင်, ဆောက်လုပ်ရန်အတွက်လည်း ဘိလပ်မြေ(၁၀၂)အိတ်လှူဒါန်းခဲ့ပါသည်။ မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း)ထုတ်လုပ်မှုတွင် အသုံးပြုမည့် မြေယာပိုင်ရှင်များနှင့် ထပ်မံတွေ့ဆုံပြီး ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊ မတ်လအတွင်း မဒါန်းနှင့်ရေအေးကျေးရွာ မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း)ထုတ်လုပ်မှုတွင် အသုံးပြုမည့် မြေယာပိုင်ရှင်များနှင့် ထပ်မံတွေ့ဆုံပြီး မြေယာအသုံးပြုခွင့်သဘောတူစာချုပ်များချုပ်ဆိုခဲ့ကြပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အလှူငွေ ထောက်ပံ့လှူဒါန်းခဲ့ပါသည်။ ရေအေးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနှင့်ကုဋီ ဆောက်လုပ်ရန်အတွက် ဘိလပ်မြေ (၁၀၀)အိတ် လှူဒါန်းခဲ့ပါသည်။



**ပုံ - ယင်းမာပင်ကျေးရွာအုပ်စု ရေအေးကျေးရွာတွင် မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း) ထုတ်လုပ်မှုနှင့်ပတ်သက်၍ ဒေသခံများနှင့်တွေ့ဆုံဆွေးနွေးနေစဉ်။**



**ပုံ - ယင်းမာပင်ကျေးရွာအုပ်စု ရေအေးကျေးရွာတွင် မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း) ထုတ်လုပ်မှုနှင့်ပတ်သက်၍ ဒေသခံများနှင့်တွေ့ဆုံဆွေးနွေးနေစဉ်။**

## စက်ရုံအနီးရှိ ကျေးရွာများမှ ဒေသခံများ၏ အကြံပြုချက်၊ မကျေနပ်ချက်နှင့်တိုင်ကြားချက်များ ထည့်ဝင်ထားသည့် အကြံပြုစာတိုက်ပုံးများအား ဖွင့်ဖောက်ခြင်း

⇒ ရွှေတောင်ဘိလပ်မြေကုမ္ပဏီ (အပါချီဘိလပ်မြေစက်ရုံ)မှ ၂၀၂၃-ခုနှစ်အတွင်းစက်ရုံအနီးရှိကျေးရွာများမှ ဒေသခံများ၏ မကျေနပ်ချက်များ၊ တိုင်ကြားချက်များနှင့် အကြံပြုချက်များ ရှိပါက ဆက်သွယ်ရန်နှင့် အကြံပြုစာတိုက်ပုံးများကို ကျေးရွာများနှင့် စက်ရုံအတွင်းတွင် ထားရှိပေးထားပါသည်။ ၎င်းအကြံပြုစာတိုက်ပုံးများအား လစဉ် တစ်လလျှင် (၄)ကြိမ် ဖွင့်ဖောက်ပေးလျက်ရှိပါသည်။

⇒ ၂၀၂၃-ခုနှစ် ဇန်နဝါရီလမှမတ်လအတွင်း ရွှေတောင်ဘိလပ်မြေစက်ရုံအနီးရှိ ကျေးရွာများတွင် ထားရှိပေးလျက်ရှိသောစာတိုက်ပုံးများအား ဖွင့်ဖောက်ရာတွင် မကျေနပ်ချက်များ၊ အကြံပြုစာများနှင့် တိုင်ကြားစာများ လက်ခံရရှိခြင်းမရှိခဲ့ပါ။



ပုံ - စက်ရုံအနီးရှိ ကျေးရွာများတွင် အကြံပြုစာတိုက်ပုံးများ ဖွင့်ဖောက်နေစဉ်။

## ကျန်းမာရေးဆိုင်ရာဗဟုသုတများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အခြားဗဟုသုတများ ဝေမျှပေးလျက်ရှိကြောင်းအသိပေးခြင်း။

ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်မှ ကျန်းမာရေးဆိုင်ရာဗဟုသုတများ၊အလုပ်အကိုင်အခွင့်အလမ်းများနှင့် အခြားဗဟုသုတရရှိဖွယ်ကို ပြည်ညောင်ကျေးရွာရှိ သတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့်စာကြည့်တိုက်၊ ကူပြင်ကျေးရွာစာကြည့်တိုက်နှင့် ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ " STC's Information Release Viber Group " မှတဆင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျန်းမာရေးဆိုင်ရာဗဟုသုတများကို ဒေသခံများသိရှိစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။ ၎င်း Viber Group အား ဒေသခံများအနေဖြင့် စိတ်ပါဝင်စား၍ ဝင်ရောက်လိုပါက ဒေါ်ထက်ထက်အောင် (သတင်းအချက်အလက်ဆိုင်ရာအလုပ် အမှုဆောင်) ဖုန်းနံပါတ် (သို့) Viber- 09-255112642 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

*Apache Cement*

*www.apachecement.com*

ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်ရုံးချုပ်လိပ်စာ
အမှတ်(၉၄)၊ယူဘီစီစင်တာ၊အဆောက်အအုံ(က)
နတ်မောက်လမ်း၊ ဗိုလ်ချုပ်ရပ်ကွက်၊ ရန်ကုန်မြို့။

အပါချီဘိလပ်မြေစက်ရုံလိပ်စာ ပြည်ညောင်ကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ယခုဖော်ပြပါ လူမှုရေးရာတာဝန်ရှိသူများထံ ယခုထုတ်ပြန်ထားသည့် သတင်းပြန်ကြားလွှာနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးဝင်းထိန်(လူထုဆက်ဆံရေးအရာရှိ)
ဖုန်းနံပါတ် - ***09 255113027***
*Viber -* ***09 255113027***
အီးမေးလ် - *clo.pn@shwetaungbm.com*

ဒေါ်ထက်ထက်အောင်
(သတင်းအချက်ဆိုင်ရာအလုပ်အမှုဆောင်)
ဖုန်းနံပါတ် - ***09 255112642***
*Viber -* ***09 255112642***
အီးမေးလ် -*informationcenter.pn@shwetaungbm.com*

# Shwe Taung Cement Plant

# Newsletter

Volume 5 |2023| April To June



## အဓိကဆောင်ရွက်ချက်

**“ ၂၀၂၃ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် စွန့်ပစ်အပူမှ လျှပ်စစ်ပြန်လည်ထုတ်ယူ ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိခြင်း”**

မာတိကာ

**စာမျက်နှာ - ၁**
ရွှေတောင်ကုမ္ပဏီ(အပါချီဘိလပ်မြေစက်ရုံ)လည်ပတ်မှုအခြေအနေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများနှင့်လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ထားရှိခြင်း။

**စာမျက်နှာ - ၂**
သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ထားရှိခြင်း။

**စာမျက်နှာ - ၃**
ပညာရေးကဏ္ဍ၏ လိုအပ်ချက်များထောက်ပံ့ပေးခြင်း။

**စာမျက်နှာ - ၄**
သတင်း အချက်အလက် မျှဝေပေးခြင်း။

**စာမျက်နှာ - ၅**
၂၀၂၃ခုနှစ်၊ ဇန်နဝါရီလမှမတ်လအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးခြင်း။

**စာမျက်နှာ - ၆**
ဒေသခံများ၏ မေးမြန်းချက်၊ ပြန်လည်ဖြေကြားချက်နှင့် ဆွေးနွေးတိုင်ပင်ခြင်း။

**စာမျက်နှာ - ၇**
ဒေသခံများ၊စက်ရုံဝန်ထမ်းများနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့်ကျန်းမာရေးဗဟုသုတမျှဝေခြင်း။အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍သတင်းအချက်အလက်ထုတ်ပြန်ခြင်း။

**စာမျက်နှာ - ၈**
စက်ရုံအနီးရှိကျေးရွာများမှဒေသခံများ၏အကြံပြုချက်၊မကျေနပ်ချက်နှင့်တိုင်ကြားချက်များထည့်ဝင်ထားသည့်အကြံပြုစာတိုက်ပုံးများအား ဖွင့်ဖောက်ခြင်း

## ရွှေတောင်ဘိလပ်မြေကုမ္ပဏီ(အပါချီဘိလပ်မြေစက်ရုံ)၏ လုပ်ငန်းလည်ပတ်မှုအခြေအနေ

ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက် (အပါချီ ဘိလပ်မြေစက်ရုံ) မှ ပထမလိုင်း နှင့် ဒုတိယလိုင်း (၂)လိုင်းဖြင့် ဘိလပ်မြေ ထုတ်လုပ်လျက်ရှိပါသည်။ သို့သော် ပထမလိုင်း နှင့် ဒုတိယလိုင်း လည်ပတ်ရာတွင် လျှပ်စစ်ဓာတ်အား ရရှိမှုမှာ အကန့်အသတ်အနည်းငယ် ရှိပါသဖြင့် အချို့သောစက်များမှာ စွမ်းအားပြည့် လည်ပတ်နိုင်ခြင်း မရှိပါ။၂၀၂၃ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် စွန့်ပစ်အပူမှ လျှပ်စစ်ပြန်လည်ထုတ်ယူခြင်းလုပ်ငန်း အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှပေးအပ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုလက်မှတ်ရရှိခဲ့ပါသည်။

## လူမှုရေးဆိုင်ရာ အဓိကဆောင်ရွက်ချက်များ

၂၀၂၃-ခုနှစ်၊ ဧပြီလမှ ဇွန်လအတွင်း ရွှေတောင်ဘိလပ်မြေကုမ္ပဏီ မှ ပြည်ညောင်ကျေးရွာရှိ သတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့်စာကြည့်တိုက်တွင်လည်းကောင်း၊ ကူပြင်ကျေးရွာရှိ ထာဝရအလင်းတန်းစာကြည့်တိုက်တွင်လည်းကောင်း ဒေသခံများစာပေဗဟုသုတ၊ ပြင်ပအထွေထွေဗဟုသုတ၊ သတင်းအချက်အလက်နှင့်နည်းပညာများ လေ့လာနိုင်စေရန်လစဉ် စာအုပ်အသစ်များ ဝယ်၍ ထားရှိပေးခြင်းနှင့် Internet Wi-Fi အား အခမဲ့ တပ်ဆင်ထားခြင်းအား ပံ့ပိုးပေးထားပါသည်။



ပုံ - ကူပြင်ကျေးရွာရှိ ထာဝရအလင်းတန်းစာကြည့်တိုက်။

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ပေးခြင်း

- ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ ဓာတ်ခွဲခန်းနှင့်အရည်အသွေးထိန်းချုပ်ရေးဌာနမှ ၂၀၂၂၃နှစ်၊ ဧပြီလ မှ ဇွန်လအတွင်း ပြည်ညောင်ကျေးရွာနှင့် ကူပြင်ကျေးရွာများတွင် သောက်ရေ၊သုံးရေနှင့်အမှုန်များ တိုင်းတာစစ်ဆေးခဲ့ပြီး ၎င်းစစ်ဆေးမှုရလဒ်များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှုလမ်းညွှန်ချက်များနှင့် ကိုက်ညီမှုကြောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီးရှိ ရေသန့်စက်တွင်လည်းကောင်း၊ ကူပြင်ကျေးရွာရှိ ထာဝရအလင်းတန်း စာကြည့်တိုက်တွင် လည်းကောင်း၊ ပြည်ညောင်ကျေးရွာရှိသတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့်စာကြည့်တိုက်တွင်လည်းကောင်းသတင်းထုတ်ပြန်ကြေငြာခဲ့ပါသည်။
- ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်မှ ၂၀၂၃-ခုနှစ်၊ ဇွန်လမှစ၍ ပြည်ညောင်နှင့်ကူပြင်ကျေးရွာများတွင် လေထုတိုင်းတာခြင်း၊ အပူချိန်တိုင်းတာခြင်းနှင့် မိုးရေချိန်တိုင်းတာခြင်း၊လုပ် ငန်းစဉ်များအား ပြန်လည်ဆောင်ရွက်လုပ်ကိုင်လျက်ရှိပါသည်။




ပုံ - ကူပြင်ကျေးရွာတွင် လေထုတိုင်းတာစစ်ဆေးနေစဉ်။



ပုံ - ပြည်ညောင်ကျေးရွာတွင် လေထုတိုင်းတာစစ်ဆေးနေစဉ်။

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ပေးခြင်း

- ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ ကျန်းမာရေး၊လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနမှ ၂၀၂၃-ခုနှစ်၊ ဇွန်လအတွင်း ပြည်ညောင်နှင့် ကူပြင်ကျေးရွာရှိစာသင်ကျောင်းများတွင်လည်း၊ ရွှေတောင်ဘိလပ်မြေစက်ရုံတွင်လည်းကောင်း စက်ရုံနေဝန်ထမ်းများနှင့် ဒေသနေပြည်သူများ၊ ကျောင်းသား၊ကျောင်းသူများ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃-ခုနှစ်၊ ဇွန်လ (၅)ရက်နေ့တွင်ကျရောက် သည့် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အားဂုဏ်ပြုသောအားဖြင့် ဒေသနေ ကျောင်းသား၊ကျောင်းသူများနှင့်ပူးပေါင်း၍ သစ်ပင်များစိုက်ပျိုးခြင်း၊ ပလတ်စတစ်သုံးစွဲမှုများ လျှော့ချနိုင်ရေးဗဟုသုတများ မျှဝေခဲ့ပါသည်။
- ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ ကျန်းမာရေး၊လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ ၂၀၂၃-ခုနှစ်၊ ဇွန်လအတွင်း ပြည်ညောင်ကြိုးဝိုင်းနှင့် ကူပြင်ကြိုးဝိုင်းအတွင်းတို့တွင် တည်ထောင်စိုက်ပျိုးထားသည့် ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်းတွင် ကူပြင်၊ ပြည်ညောင်၊အုတ်ကျင်းကျေးရွာများမှ ဒေသနေပြည်သူများကို အသုံးပြု၍ ပိတောက်၊ မယ်ဇလီ၊ မြန်မာကုက္ကိုလ်၊ စိန်ပန်း၊ ကျွန်း စသည့် သစ်မျိုးစေ့ စုစုပေါင်း (၂၈,၁၅၆)ပင် စိုက်ပျိုးပြီးစီးခဲ့ပါသည်။




ပုံ - ပြည်ညောင်နှင့်ကူပြင်ကျေးရွာများတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ဂုဏ်ပြုသောအားဖြင့် သစ်ပင်များစိုက်ပျိုးနေစဉ်။



ပုံ - ရွှေတောင်ဘိလပ်မြေစက်ရုံတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ဂုဏ်ပြုသောအားဖြင့် ပလတ်စတစ်လျှော့ချရေးအစီအစဉ်များဆောင်ရွက်ခြင်း။



ပုံ - ပြည်ညောင်နှင့်ကူပြင်ကျေးရွာအနီးတွင် ဂေဟစနစ်ပြန်လည်ထူထောင်ရေးအတွက် သစ်ပင်များစိုက်ပျိုးနေစဉ်။

## ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း ပညာရေး ကဏ္ဍ၏ လိုအပ်ချက်များအား ပံ့ပိုးကူညီပေးခြင်း

- ကူပြင်ကျေးရွာ (အ.လ.က) စာသင်ကျောင်းရှိ တံခါးဂျက်များပျက်စီးနေပါသောကြောင့် ပြန်လည်ပြုပြင်ပေးခြင်း။
- ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိန်းရေးအဖွဲ့မှ ၂၀၂၃-ခုနှစ်၊ ဧပြီရယ်လ မှ ဇွန်လအတွင်း ပြည်ညောင်ကျေးရွာရှိ သတင်းအချက်ဆိုင်ရာဗဟိုဌာနနှင့်စာကြည့်တိုင်တွင်လည်းကောင်း၊ ကူပြင်ကျေးရွာရှိ စာသင်ကျောင်းတွင်လည်း ကောင်း ဒေသခံကလေးငယ်များ၊ ကျောင်းသူ၊ကျောင်းသားများ၊ ရပ် မိရပ်ဖများနှင့်အတူ ၂၀၂၃-ခုနှစ်၊ မေလ (၂၃)ရက်နေ့တွင်ကျရောက် သည့် “ကမ္ဘာ့လိပ်များနေ့”အား ဂုဏ်ပြုသောအားဖြင့် **“ပတ်ဝန်းကျင် သာယာလှပဖို့ လိပ်ကလေးများအား ထိန်းသိမ်းစို့”** ခေါင်းစဥ်ဖြင့် ကမ္ဘာပေါ်တွင် မျိုးတုန်းပျောက်ကွယ် လုနီးဖြစ်ပွားနေသည့် ကုန်းလိပ် (ခေါ်)လိပ်ဝါများ အကြောင်းဗဟုသုတမျှဝေခဲ့ပြီး ကျောင်းသူ၊ကျောင်း သားများမှ လိပ်ဝါပုံများအား ပန်းချီဆွဲ၍ဂုဏ်ပြုပေးခြင်း။
- ၂၀၂၃-ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင် ပြည်ညောင်ကျေးရွာရှိ သတင်းအချက်အလက်ဆိုင်ရာ ဗဟိုဌာနနှင့် စာကြည့်တိုက်တွင် ဒေသခံ ကျောင်းသား/သူများအတွက် စာပေဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍စာဖတ်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ ၎င်းစာဖတ်ပွဲ တွင် ခြင်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ရောဂါများနှင့် ပတ်သက်သည့် ဗဟုသုတများ မျှဝေခဲ့ပါသည်။
- ၂၀၂၃-ခုနှစ်၊ဧပြီလမှ ဇွန်လအတွင်း ပြည်ညောင်ကျေးရွာ အထက် တန်းကျောင်းတွင် ဆရာ/မများနှင့် ကျောင်းသား/သူများ သုံးရေ အဆင်ပြေစေရန် ဂါလံ(၂၂,၅၀၀) ကူညီထောက်ပံ့ပေးခြင်း။
- ယင်းမာပင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းတွင် ရေသိုလှောင်ကန်ပြုလုပ်ရန်အတွက် ကုန်ကျစရိတ်အား ကူညီပံ့ပိုးပေးခြင်း။
- ယင်းမာပင်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း တွင် ရေသိုလှောင်ကန်ပြုလုပ်ရန်အတွက် လိုအပ်သော ဘိလပ်မြေ အိတ်များ ကူညီပံ့ပိုးပေးခြင်း။
- ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အဖြစ် ပြည်ညောင်နှင့် ကူပြင်စာသင်ကျောင်းတွင် အမှိုက်ပုံးများ လှူဒါန်းခြင်း။




ပုံ - ပြည်ညောင်ကျေးရွာတွင် ကမ္ဘာ့လိပ်များနေ့အား ဒေသခံ ကျောင်းသား/သူများမှ ပန်းချီများဆွဲ၍ ဂုဏ်ပြုခြင်း။



ပုံ - ကူပြင်ကျေးရွာတွင် ကမ္ဘာ့လိပ်များနေ့အား ဒေသခံ ကျောင်းသား/သူများမှ ပန်းချီများဆွဲ၍ ဂုဏ်ပြုခြင်း။



ပုံ - ပြည်ညောင်နှင့်ကူပြင်စာသင်ကျောင်းတွင် အမှိုက်ပုံးများ လှူဒါန်းနေစဥ်။

## ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း

- ရွှေတောင်ဘိလပ်မြေကုမ္ပဏီ (အပါချီဘိလပ်မြေစက်ရုံ)မှ ကူပြင်နှင့်ပြည်ညောင်ကျေးရွာများသို့ အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးမည့်နေ့ရက်များအား ကြိုတင် သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။
- ရွှေတောင်ဘိလပ်မြေကုမ္ပဏီမှ ကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး စသည့်ဆောင်ရွက်ထားရှိမှုများကို မှတ်တမ်းတင်ထားသည့် စာစဥ်များအား ဒေသခံများသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်ညောင်ကျေးရွာရှိ ဒေသခံလူဦးရေ (၄၅၂)ဦးမှ ရွှေတောင်ဘိလပ်မြေစက်ရုံမှ ဖွင့်လှစ်ပေးထားသော သတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့် စာကြည့်တိုက်သို့ စာအုပ်ရေ (၉၅၉)အုပ်ခန့် လာရောက်ငှားရမ်းခဲ့ပါသည်။
- ကူပြင်ကျေးရွာရှိ ဒေသခံလူဦးရေ (၁၈၆)ဦးမှ ရွှေတောင်ဘိလပ်မြေစက်ရုံမှ ပံ့ပိုးကူညီပေးလျက်ရှိသော ထာဝရအလင်းတန်းစာကြည့်တိုက်သို့ စာအုပ်ရေ (၂၄၇)အုပ်ခန့် လာရောက်ငှားရမ်းခဲ့ပါသည်။
- ပြည်ညောင်၊ ကူပြင်စာကြည့်တိုက်တွင် ကလေးငယ်များ အင်္ဂလိပ်စာစွမ်းရည်တိုးတက်စေရန် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာတွဲစာအုပ်များ၊ ကျန်းမာရေးစာအုပ်များ၊ အထွေထွေဗဟုသုတစာအုပ်များ အသစ်ထပ်မံ ရောက်ရှိနေပါသဖြင့်လာရောက်လေ့လာနိုင်ကြောင်းနှင့် ငှားရမ်းနိုင်ကြောင်း အသိပေး ကြေညာခဲ့ပါသည်။
- ရွှေတောင်ဘိလပ်မြေကုမ္ပဏီ (အပါချီဘိလပ်မြေစက်ရုံ)မှ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် လစ်လပ်နေရာခေါ်ဆိုမှုများ သတင်းထုတ်ပြန် ကြေညာခဲ့ပါသည်။
- ပြည်ညောင်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းတွင် လစဥ်ကလေးငယ်များနှင့် ကိုယ်ဝန်မိခင်များ ကာကွယ်ဆေးသွားရောက်ထိုးနှံနိုင်ရန် အသိပေး ကြေညာပေးခဲ့ပါသည်။





ပုံ - သောက်ရေသုံးရေနှင့် အမှုန် စစ်ဆေးမှုရလဒ်များအား ကြေညာခြင်း။




ပုံ-ကျေးရွာများသို့ဆေးကုသပေးမည့်ရက်များအားကြေညာပေးခြင်း။



ပုံ - မဒါန်းနှင့်ရေအေးကျေးရွာများတွင် အမှုန်နှင့် ရေစစ်ဆေးမှုရလဒ်များအား ကြေညာခြင်း။



ပုံ - သတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့်စာကြည့်တိုက်များတွင် ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး ဆိုင်ရာဆောင်ရွက်ထားရှိမှု စာစဥ်များ ထားရှိပေးခြင်း။

## ၂၀၂၃-ခုနှစ် ဧပြီလမှ ဇွန်လအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးခြင်း

- ကူပြင်ကျေးရွာတွင် လျှပ်စစ်မီးလင်းရန် အခက်အခဲရှိသော အိမ်ထောင်စုများအား ရွှေတောင်ဘိလပ်မြေကုမ္ပဏီမှ ကူညီပံ့ပိုးပေးခြင်း။
- ကူပြင်ကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းတွင် ဒိုလ္လပတ်ရဟန်းခံရှင်ပြုပွဲအတွက် အလှူငွေလှူဒါန်းခြင်းနှင့် သုံးရေ ကူညီပံပိုးပေးခြင်း။
- သာစည်မြို့နယ်၊ သစ်တောဦးစီးအရာရှိရုံးရှေ့တွင် ကွန်ကရစ်လမ်းခင်းရန်အတွက်ဘိလပ်မြေအိတ် များကူညီပံ့ပိုးပေးခြင်း။
- ပင်းတယမြို့နယ်၊မြို့မရဲစခန်းတွင် လိုအပ်သည့်နေရာတွင် အသုံးပြုရန်ဘိလပ်မြေ အိတ်များ ကူညီပံ့ပိုးပေးခြင်း။
- သာစည်မြို့နယ်၊ပျဉ်သာကျေးရွာအနီးရှိ မြစိမ်းရှင်စေတီတော် ပြုပြင်ရန် ဘိလပ်မြေ အိတ်များ ကူညီပံ့ပိုးပေးခြင်း။
- သာစည်မြို့နယ်၊ ညဏ်ကန်ဘုန်းကြီးကျောင်းတွင် ကွန်ကရစ်လမ်းခင်းရန်အတွက်ဘိလပ်မြေအိတ်များကူညီပံ့ပိုးပေးခြင်း။
- ကူပြင်ကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းရှိ ပရဟိတကျောင်းဆောင်, ဆောက်လုပ်ရန်အတွက် လိုအပ်သော ဘိလပ်မြေ အိတ်များ ကူညီပံ့ပိုးပေးခြင်း။
- ယင်းမာပင်ကျေးရွာ၊ ငမုန်းငိုဝိဇ္ဇာ တောင်ပေါ်ကျောင်းတွင် ရေကျော်တံတား ဆောက်လုပ်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဘိလပ်မြေ အိတ်များ ကူညီပံ့ပိုးပေးခြင်း။
- ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း ဌာနဆိုင်ရာများနှင့် ပညာရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ်စုစုပေါင်း (၁၈၉၄) အိတ် ပံ့ပိုးပေးခဲ့ပါသည်။



ပုံ - ကူပြင်ကျေးရွာတွင် လျှပ်စစ်မီးလင်းရန် အခက်အခဲရှိသော အိမ်ထောင်စုများအား ရွှေတောင်ဘိလပ်မြေကုမ္ပဏီမှ ကူညီပံ့ပိုးပေးခြင်း။

## ၂၀၂၃-ခုနှစ် ဧပြီလမှ ဇွန်လအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီပံ့ပိုးပေးခြင်း

- ပြည်ညောင်ကျေးရွာအနီးရှိ ရေရှင်ချောင်းအနီး အစိုးရပိုင်သစ်တောကြိုးဝိုင်း မြေနေရာပြုပြင်ခြင်းအတွက် ကူညီပံ့ပိုးပေးခြင်း။
- မန္တလေးတိုင်း၊ရဲတပ်ဖွဲ့မှူးရုံးသို့(၃၆)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာမူးယစ်အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားအတွက် ရန်ပုံငွေလှူဒါန်းခြင်း။
- ကူပြင်ကျေးရွာရှိ ဒေသနေပြည်သူများ စာပေလာရောက်လေ့လာခြင်းနှင့် အခမဲ့ဆေးခန်း လာရောက်ပြသချိန်များတွင်အဆင်ပြေစေရန်အတွက် စားပွဲခုံ (၁)လုံးနှင့် ကုလားထိုင်(၅)လုံး ထာဝရအလင်းတန်း စာကြည့်တိုက်သို့ လှူဒါန်းခြင်း။
- ကူပြင်ကျေးရွာလမ်းအား ဒေသနေပြည်သူများ သွားလာရေးအဆင်ပြေစေရန် လမ်းမြေညှိပေးခြင်း။
- မိုခါ မုန်တိုင်းကြောင့် ပျက်စီးသွားသော ရခိုင်ပြည်နယ်ရှိ ECD ရုံးအတွက် အလှူငွေ ကူညီပံ့ပိုးပေးခြင်း။
- ကလောမြို့နယ်၊ ရေယားကျေးရွာ၊ မရှိခဏဝိဇ္ဇာ(၁၀၈) တောင်စေတီတော် ပြုပြင်မွမ်းမံရန်အတွက် ဘိလပ်မြေ အိတ်များ ကူညီပံ့ပိုးပေးခြင်း။
- ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဇွန်လအတွင်း ကူပြင်ကျေးရွာရှိ ဒေသခံများ၏ သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ထာဝရအလင်းတန်း စာကြည့်တိုက်တွင် အင်တာနက်-ဝိုင်ဖိုင် အခမဲ့ တပ်ဆင်ပေးထားခြင်း။



ပုံ - ကူပြင်ကျေးရွာလမ်းအား မြေညှိပေးနေစဉ်။

## ဒေသခံများ၏မေးမြန်းချက်များ၊ပြန်လည်ဖြေကြားချက်များနှင့် ဆွေးနွေးတိုင်ပင်ခြင်းများ

၂၀၂၃-ခုနှစ်၊ မေလအတွင်း ပြည်ညောင်ကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသောလုပ်ငန်းစဥ်များအားရှင်းလင်းတင်ပြတိုင်ပင်ဆွေးနွေးခြင်းနှင့် ကူပြင်ကျေးရွာတွင် ရာနှုန်းပြည့်လျှပ်စစ်မီးလင်းရေးအတွက် လျှုဒါန်းထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဥ်များအား ရှင်းလင်းတင်ပြတိုင်ပင်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၎င်း အစည်းအဝေးပွဲများသို့ ဒေသနေပြည်သူ (၄၆)ဦးနှင့် ရွှေတောင်ဘိလပ်မြေစက်ရုံမှ (၈)ဦး စုစုပေါင်း (၅၄)ဦး တက်ရောက်ခဲ့ပါသည်။

ဒေသနေပြည်သူများနှင့် တိုင်ပင်ဆွေးနွေးချက်များ -

⇒ မေး - လူမှုရေးမန်နေဂျာ - ပြည်ညောင်ကျေးရွာတွင် စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရန်အတွက် အမှိုက်ကျင်းပြုလုပ်မည့် မြေနေရာအား ပြောကြားပေးပါရန် မေးမြန်းခဲ့ပါသည်။

⇒ ဖြေ - ပြည်ညောင်ကျေးရွာအုပ်ချုပ်ရေးမှူး - ပြည်ညောင်ကျေးရွာ အမှိုက်ကျင်းပြုလုပ်ရန်အတွက် မြေနေရာကို သင်္ချိုင်းနားတွင်ရှိသော မြေနေရာအား ပထမအဆင့်အနေဖြင့် ပြုလုပ်ရန်ရည်ရွယ်ထားပါ သည်။ အဆင်ပြေနိုင်မှုရှိ/မရှိ စက်ရုံမှ လာရောက်လေ့လာစေလိုပါသည်။

⇒ မေး - လူမှုရေးမန်နေဂျာ - ပြည်ညောင်ကျေးရွာတွင် ဖွင့်လှစ်ပေးထားသော သတင်းအချက်အလက်ဆိုင်ရာဗဟိုဌာနနှင့် စာကြည့်တိုက်၏ နံရံများနှင့် ဘေးပတ်ဝန်းကျင်တွင် ဒေသနေလူငယ်တစ်ချို့မှ ညစ်ပေအောင်ပြုလုပ်ထားခြင်း၊ စာအုပ်များစုတ်ဖြဲထားခြင်း၊ အမှိုက်ပုံးများ ဖျက်စီးထားခြင်းစသည့်များ လုပ်ဆောင်ထားသည့်ကို တွေ့ရှိရပါသဖြင့် ဒေသနေအကြီးအကဲများမှတဆင့် ပြောကြားပေးနိုင်ပါရန် တောင်းဆိုခဲ့ပါသည်။

⇒ ဖြေ - ပြည်ညောင်ကျေးရွာအုပ်ချုပ်ရေးမှူး - ယခုကဲ့သို့သောအပြုအမူများအား ကျွန်တော်တို့ဘက်မှလည်း လက်မခံနိုင်ပါ။ ထို့ကြောင့် မိမိတို့ကျေးရွာမှ ဝိုင်းဝန်း၍ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

⇒ မေး - လူမှုရေးမန်နေဂျာ - ပြည်ညောင်ကျေးရွာရှိလမ်းများ ကွန်ကရစ်လမ်းခင်းနိုင်ရန်အတွက် စက်ရုံမှ ခင်းမည့်လမ်းအကျယ်ကို တွက်ချက်ပြီး ဘိလပ်မြေနှင့်ကျောက်များ ထောက်ပံ့ပေးပါမည်။

⇒ ဖြေ - ဦးကျော်ဇေယျ (အမှတ်-၂ ရွှေတောင်ကြားရပ်ကွက်) - ကျွန်တော်တို့ရပ်ကွက်နေ ပြည်သူများနှင့်တိုင်ပင်၍ ကျေးရွာအုပ်ချုပ်ရေးမှူးမှတဆင့် လမ်းခင်းဖြစ်မည်ဆိုပါက လမ်းအကျယ်တိုင်းတာ၍ ဘိလပ်မြေနှင့်ကျောက်များ တောင်းခံပါမည်။

⇒ မေး - လူမှုရေးမန်နေဂျာ - ကူပြင်ကျေးရွာ ရာနှုန်းပြည့်လျှပ်စစ်မီးလင်းနိုင်ရန်အတွက် လျှပ်စစ်မီးလင်းရန် အခက်အခဲရှိသည့် အိမ်ထောင်စုများအား ၂၀၂၃-ခုနှစ်၊ ဧပြီလတွင် မီးလင်းရေးကော်မတီဝင်အဖွဲ့များသို့ လျှုဒါန်းထားပြီးဖြစ်ပါသည်။ လျှပ်စစ်မီး မည်သည့်အချိန်တွင် သွယ်တန်းနိုင်မည်ကို သိရှိလိုပါတယ်။

⇒ ဖြေ - ဦးသန်းစိန် (ကူပြင်ကျေးရွာ မီးလင်းရေးကော်တီ) - ကူပြင်ကျေးရွာမှ လျှပ်စစ်မီးလင်းရန်ကျန်ရှိနေသော အိမ်ထောင်စုများမှ (၁၈.၅.၂၀၂၃) ရက်နေ့တွင် စာရင်းသွားရောက်ပေးသွင်းမည်ဖြစ်ပါသည်။

၂၀၂၃-ခုနှစ်၊ ဧပြီလအတွင်း ယင်းမာပင်ကျေးရွာအုပ်စု၊ မဒါန်း၊ရေအေးကျေးရွာတွင် မြေနီ(စက်မှုတွင်းထွက်ကုန်ကြမ်း)ထုတ်လုပ်မှုတွင် အသုံးပြုမည့် ဒေသနေမြေပိုင်ရှင်များကို ရွှေတောင်ဘိလပ်မြေကုမ္ပဏီ၏ ကျန်းမာရေး၊လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှူးနှင့် လူမှုရေးမန်နေဂျာ တို့မှတွေ့ဆုံပြီး မြေယာအသုံးပြုမှုနှင့်ပတ်သက်၍ ဆက်လက်လုပ်ဆောင်မည့်အချက်များအား ရှင်းလင်းတင်ပြခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် သဘောတူစာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



ပုံ - ပြည်ညောင်နှင်ကူပြင်ကျေးရွာ ဒေသနေပြည်သူများနှင့် တိုင်ပင် ဆွေးနွေးမှုများ ဆောင်ရွက်နေစဥ်။



ပုံ - မဒါန်းနှင့်ရေအေးကျေးရွာ ဒေသနေ မြေပိုင်ရှင်များနှင့် တိုင်ပင် ဆွေးနွေးမှုများ ဆောင်ရွက် နေစဥ်။

## ဒေသခံများ၊ စက်ရုံဝန်ထမ်းများနှင့်မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း

- ၂၀၂၃-ခုနှစ်၊ ဧပြီလမှ ဇွန်လအတွင်း ရွှေတောင် ဘိလပ်မြေကုမ္ပဏီ၏ ဝန်ထမ်း(၆၄၇)ဦး၊ ဝန်ထမ်းများ၏မိသားစုဝင်(၃၀၈)ဦးတို့နှင့် ဒေသခံ (၁၀၈) ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပါသည်။



**ပုံ - ကူပြင်ကျေးရွာ ဒေသခံများအား အခမဲ့ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း။**



**ပုံ - ပြည်ညောင်ကျေးရွာဒေသခံများအား အခမဲ့ ကျန်းမာရေး စောင့်ရှောက် ပေးခြင်း။**

## ၂၀၂၃ခုနှစ်၊ ဧပြီလမှ ဇွန်လအတွင်း ဒေသခံ ပြည်သူများနှင့် ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆောင်ရွက်ခြင်းသည့် အကြိမ်ရေများ

၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း ရွှေတောင် ဘိလပ်မြေကုမ္ပဏီ (အပါချီဘိလပ်မြေစက်ရုံ)မှ ရပ်ရွာလူထုအပါအဝင် ဆက်စပ်ပတ်သက်သည့်သူများနှင့် အပြန်အလှန် ဆွေးနွေးတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် မျှဝေပေးခြင်း အစရှိသည့် ဆောင်ရွက်ချက်များ စုစုပေါင်း **( ၁၆၁ )** ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

## အလုပ်အကိုင်အခွင့်အလမ်း နှင့်ပတ်သက်၍ သတင်းအချက်အလက်များ ကိုအသိပေး ထုတ်ပြန်ခြင်း

**၂၀၂၃-ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း ရွှေတောင် ဘိလပ်မြေ ကုမ္ပဏီလီမိတက် (အပါချီဘိလပ်မြေစက်ရုံ) မှ ဒေသနေ ကျေးရွာများရှိ ပြည်သူလူထုများ ပါဝင်သည့် တိုက်ရိုက် ခန့်အပ်ထားသော ဝန်ထမ်း (၆၀၂)ဦးနှင့် ကန်ထရိုက်တာ များမှတဆင့် ခန့်အပ်ထားသော အလုပ်သမား (၄၈၆)ဦးကို အလုပ်အကိုင် အခွင့်အလမ်း အနေဖြင့် ပေးအပ်ထားပါသည်။**




**ပုံ - ရွှေတောင်ဘိလပ်မြေကုမ္ပဏီမှ တိုက်ရိုက်ခန့်အပ်ထားသော ဝန်ထမ်းများစာရင်း။**




**ပုံ - ရွှေတောင်ဘိလပ်မြေကုမ္ပဏီမှ တဆင့် ခန့်အပ်ထားသော ဝန်ထမ်းများစာရင်း။**

## စက်ရုံအနီးရှိ ကျေးရွာများမှ ဒေသခံများ၏ အကြံပြုချက်၊ မကျေနပ်ချက်နှင့်တိုင်ကြားချက်များ ထည့်ဝင်ထားသည့် အကြံပြုစာတိုက်ပုံးများအား ဖွင့်ဖောက်ခြင်း

⇒ ရွှေတောင်ဘိလပ်မြေကုမ္ပဏီ (အပါချီဘိလပ်မြေစက်ရုံ)မှ ၂၀၂၃-ခုနှစ်အတွင်းစက်ရုံအနီးရှိကျေးရွာများမှ ဒေသခံများ၏ မကျေနပ်ချက်များ၊ တိုင်ကြားချက်များနှင့် အကြံပြုချက်များ ရှိပါက ဆက်သွယ်ရန်နှင့် အကြံပြုစာတိုက်ပုံးများကို ကျေးရွာများနှင့် စက်ရုံအတွင်းတွင် ထားရှိပေးထားပါသည်။ ၎င်း အကြံပြုစာတိုက်ပုံးများအား လစဉ် တစ်လလျှင် (၄)ကြိမ် ဖွင့်ဖောက်ပေးလျက်ရှိပါသည်။ ၂၀၂၃-ခုနှစ် ဧပြီလမှ ဇွန်လ အထိ စုစုပေါင်း (၁၂)ကြိမ် အကြံပြုစာတိုက်ပုံးများဖွင့်ဖောက်ခဲ့ပါသည်။

⇒ ၂၀၂၃-ခုနှစ် ဇန်နဝါရီလမှမတ်လအတွင်း ရွှေတောင်ဘိလပ်မြေစက်ရုံအနီးရှိ ကျေးရွာများတွင် ထားရှိပေးလျက်ရှိသော စာတိုက်ပုံးများအား ဖွင့်ဖောက်ရာတွင် မကျေနပ်ချက်များ၊ အကြံပြုစာများနှင့် တိုင်ကြားစာများ လက်ခံရရှိခြင်းမရှိခဲ့ပါ။




ပုံ - စက်ရုံအနီးရှိ ကျေးရွာများတွင် အကြံပြုစာတိုက်ပုံးများ ဖွင့်ဖောက်နေစဉ်။

## ကျန်းမာရေးဆိုင်ရာဗဟုသုတများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အခြားဗဟုသုတများ ဝေမျှပေးလျှက်ရှိကြောင်းအသိပေးခြင်း။

ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်မှ ကျန်းမာရေးဆိုင်ရာဗဟုသုတများ၊အလုပ်အကိုင်အခွင့်အလမ်းများနှင့် အခြားဗဟုသုတရရှိဖွယ်များကို ပြည်ညောင်ကျေးရွာရှိ သတင်းအချက် အလက်ဆိုင်ရာဗဟိုဌာနနှင့်စာကြည့်တိုက်၊ ကူပြင်ကျေးရွာ စာကြည့်တိုက်နှင့် ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်၏ " **STC's Information Release Viber Group** " မှ တဆင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျန်းမာရေးဆိုင် ရာဗဟုသုတများကို ဒေသခံများ သိရှိစေရန်နှင့် ကြိုတင်က ကွယ်နိုင်ရန်ရည်ရွယ်၍ သတင်းထုတ်ပြန် ပေးလျက်ရှိပါသည်။ ၎င်း Viber Group အား ဒေသခံများအနေဖြင့် စိတ်ပါဝင်စား ၍ ဝင်ရောက်လိုပါက ဒေါ်ထက်ထက်အောင် (သတင်းအချက် အလက်ဆိုင်ရာ အလုပ် အမှုဆောင်) ဖုန်းနံပါတ် (သို့) Viber- **09-255112642** သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

*Apache Cement*

*www.apachecement.com*

ရွှေတောင်ဘိလပ်မြေကုမ္ပဏီလီမိတက်ရုံးချုပ်လိပ်စာ
အမှတ်(၉၄)၊ယူဘီစီစင်တာ၊အဆောက်အအုံ(က)
နတ်မောက်လမ်း၊ ဗိုလ်ချုပ်ရပ်ကွက်၊ ရန်ကုန်မြို့။

အပါချီဘိလပ်မြေစက်ရုံလိပ်စာ ပြည်ညောင်ကျေးရွာ၊
သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

ယခုဖော်ပြပါ လူမှုရေးရာတာဝန်ရှိသူများထံ ယခုထုတ်ပြန်ထားသည့် သတင်းပြန်ကြားလွှာနှင့်ပတ်သက်၍ သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးဝင်းထိန်(လူထုဆက်ဆံရေးအရာရှိ)
ဖုန်းနံပါတ် - *09 255113027*
*Viber - 09 255113027*
အီးမေးလ် - *clo.pn@shwetaungbm.com*

ဒေါ်ထက်ထက်အောင်
(သတင်းအချက်ဆိုင်ရာအလုပ်အမှုဆောင်)
ဖုန်းနံပါတ် - *09 255112642*
*Viber - 09 255112642*
အီးမေးလ် -*informationcenter.pn@shwetaungbm.com*